ချစ်သောအမ်မလီ+၁၄
စစ်ငြိမ်း

ချစ်သော.....Emily

ကဗျာ အက်ဆေး

စစ်ငြိမ်း

E-Books

ပုံနှိပ်မှတ်တမ်း

ချစ်သော.....**Emily** စစ်ငြိမ်း

ကောဒသမအကြိမ်၊ ဇွန်၊ ၂၀၂၃ တန်ဖိုး • ၄၀၀၀ကျပ်

ထုတ်ဝေသူ • ကိုလတ်စာပေ

E-Book Creator• Whispers of Words

© စစ်ငြိမ်းမူပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

1. ချစ်သော.....Emily
2. ချစ်သော.....Emily
3. ချစ်သော.....Emily
4. ချစ်သော.....Emily
5. ချစ်သော.....Emily
6. ချစ်သော.....Emily
7. ချစ်သော.....Emily
8. ချစ်သော.....Emily
9. ချစ်သော.....Emily
10. ချစ်သော.....Emily
11. ချစ်သော.....Emily
12. ချစ်သော.....Emily
13. ချစ်သော.....Emily
14. ချစ်သော.....Emily
15. ချစ်သော.....Emily
16. ချစ်သော.....Emily
17. ချစ်သော.....Emily
18. ချစ်သော.....Emily
19. ချစ်သော.....Emily
20. ရုပ်ရှင်ထဲကလိုဆို ၃နှစ်ခန့်ကြာသောပေါ့ကွာ
21. သီတာရေမြေ ဆုံးချေတော့
22. ချစ်သော.....Emily +14
23. ချစ်သော.....Emily +14
24. ချစ်သော.....Emily +14
25. ချစ်သော.....Emily +14
26. ချစ်သော.....Emily +14
27. ချစ်သော.....Emily +14
28. ချစ်သော.....Emily +14
29. ချစ်သော.....Emily +14
30. ချစ်သော.....Emily +14
31. ချစ်သော.....Emily +14
32. ချစ်သော.....Emily +14
33. ချစ်သော.....Emily +14
34. ချစ်သော.....Emily +14
35. ချစ်သော.....Emily +14
36. အစိမ်းသေ
37. အိပ်မပျော်တဲ့ညတွေအကြောင်း
38. **“Rest In Peace”**
39. ခရီးလွန်နေတဲ့ တိမ်တွေ
40. ညီမလေးသို့ နှင်းစက်များ
41. **Emily**မဖတ်ခဲ့ရတဲ့ဒိုင်ယာရီထဲက“အက္ခရာများ”
42. မြို့ကလေးကို ကိုယ်ပြန်လာတဲ့အခါ

43. အဆွေးရုပ်ရှင်
44. မရှိတော့တဲ့ လူတစ်ယောက်အကြောင်း
45. မင်းပြောင်းလဲလာတယ်
46. “ခင်သို့”
47. “ငှက်ကလေး...ပျံသည် ...အဝေးသို့”
48. “ကိုယ်လွတ်သွားတဲ့......”
49. “လေတွေက သူတို့ကိုယ်တိုင် လွင့်နေရတာ”
50. “နင်ဟာ”
51. “ငါတို့ဟာ တရွေ့ရွေ့”
52. “ကောင်းကင်ပြိုအောက်မှာ ငို”
53. “မင်းအတွက် နောက်ဆုံး ...” (ကဗျာ)
54. ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ
55. ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ
56. ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ
57. ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ
58. မင်း.....ချမ်းမြေ့ပါစေကွယ်
59. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
60. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
61. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
62. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
63. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
64. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
65. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
66. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
67. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
68. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
69. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
70. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
71. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
72. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
73. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
74. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)
75. “မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက **E-BOOKS READER** အသုံးပြုသူများနှင့် **DIGITAL DEVICES** တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ **E-BOOKS READER** အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ **E-BOOKS READER** အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို **DIGITAL** နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ) အသုံးမပြုပါ။

”စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်”

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက

E-BOOKS MARKET အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ **E-BOOKS DIGITAL MARKET** ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ **DIGITAL PRODUCT** ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့်ချိုးဖေါက်နေမှုများကို လည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ **E-BOOK** ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (**E-BOOK** ရှိလျှင်) **E-BOOK** များ ကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထိုကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

ချစ်သော.....Emily

ချစ်သော.........Emily

မင်းကို ငါလွှတ်လိုက်တယ်

ငါ ... လွတ်မြောက်ပါစေကွယ်။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော........Emily

ခံနိုင်ရည် မရှိတော့တဲ့တစ်နေ့

ပြိုကွဲရတာပါပဲ

တိမ်တွေ။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော..........Emily

အထိတ်တလန့်နဲ့ တစ်ရေးနိုးတဲ့ ညတွေတိုင်းမှာ ငါဟာ နံပါတ်တစ်ခုဆီသို့ ဖုန်းမှားပြီးဆက်လေ့ရှိတယ် ဖုန်းမှားသွားလို့ပါ.. ကောင်းသော ညပါကွယ်။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော.........Emily

အကြောက်တရားဆိုတာ သိပ်လှပါတယ်

အမ်မလီ

ငါတို့ ဘယ်တော့မှ ပြန်မတွေ့ကြတော့ဘူးနော်။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော........Emily

စောက်ဖက်မလုပ်ခြင်းများကို ပိုစ်စကာဒ်လေးထဲထည့်ပြီး သိမ်းထားမယ် ငါ့ကိုယ်ငါ အမှတ်တရပေါ့ကွယ်။

ဟိုးအဝေးမှာ မင်းငိုတဲ့အခါ

ကိုယ့်ပုခုံးတွေ စိုစွတ်လာသလိုမျိုး သဘာဝလွန်ဖြစ်ရပ်များဟာ ကိုယ့်အနီးအနားမှာ။

◎◎◎

ချစ်သော.....Emily

ချစ်သော..........Emily

အဆင်ပြေပျော်ရွှင်နေတဲ့အိမ်ထောင်ရေးတွေ တွေ့ရင် နင်နဲ့ငါဆိုလည်း ဒီလိုပဲနေမှာဆိုတဲ့စိတ်နဲ့ မင်းကို သတိရတယ်

နာကျင်အက်ကွဲနေတဲ့ လူတွေတွေ့တော့လည်း ငါတို့အတိုင်းပဲနော် ဆိုတဲ့စိတ်နဲ့ မင်းကို သတိရတယ်

ငါတို့ကနာကျင်မှာမှ ပျော်ရွှင်ရခြင်းလားကွာ....။

۞۞۞

ချစ်သော.....Emily

ချစ်သော........**Emily**

Drama ကားတွေမှာ စောက်ရမ်းအသည်းကွဲရတဲ့ အစန်းတွေပဲ

ငါ ရွေးကြည့်ဖြစ်တယ်

ငါတို့လည်း စောက်ရမ်း **Drama** ဆန်တယ်နော်

စိတ်ပင်ပန်းတယ်။

۞۞۞

ချစ်သော.....Emily

ချစ်သော........Emily

လက်ကောက်ဝတ်မှာ မင်းနာမည်ရေးတယ် လှလှပပ ရှင်သန်ချင်တဲ့အခါ ရေမွှေးဆွတ်ဖို့

နောက် . .ကိုယ်မရှင်သန်ချင်တော့တဲ့အခါ ဓားနဲ့လှီးဖို့ပေါ့။

۞۞۞

ချစ်သော.....Emily

ချစ်သော........Emily

ဘာမှ ပြောစရာမရှိတော့ဘူး မင်းငါ့ကို နားလည်ဖို့ ငါ့ကိုယ်ငါ နားလည်ဖို့ အရာရာကို ကျေနပ်လက်ခံလိုက်ဖို့ (တစ်စစီလိုက်ကောက်ပြီးတော့ပဲဖြစ်ဖြစ်)

အဲဒီလိုပေါ့

အဲဒီလို မျှော်လင့်တာ ကွဲကြေစွာ ညမှာ လေပြင်းတွေတိုက်တဲ့အခါ ငါတလူလူပဲ လွင့်မတတ် ဝေးမိတယ်

ကြေကွဲစရာပဲ အမှောင်ထဲ မှုးမှုးနဲ့ဝေးနေရတာ ကြေကွဲစရာ ငါမရနိုင်တဲ့ဘဝတစ်ခုဟာ မှောင်မိုက် ကြေကွဲစရာ။

۞۞۞

ချစ်သော.....Emily

ချစ်သော..........Emily

အရမ်းအေးတဲ့ မြို့ကလေးမှာ

အချစ်ရယ်

ငါနေထိုင်တယ်

အချစ်ရယ်

မင်းအမျိုးသားရဲ့ ရင်ခွင်မှာ လုံခြုံစွာအိပ်ပါ

ချမ်းမြေ့ပါစေ။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော.........Emily

ကွန်ဖူးရဲ့ အဆင့်မြင့်ဆုံးအပိုင်းက အရှုံးပေးလိုက်ခြင်းပဲ ဖြစ်တယ်

ဂီတသတိရခြင်းရဲ့ အဆင့်မြင့်ဆုံးအပိုင်းကတော့ မေ့ပစ်လိုက်ခြင်းပဲပေါ့

ဘယ်တော့မှ ထုတ်မပြောဖြစ်လောက်အောင် သတိရနေမယ် ယုံပါကွယ်။

۞۞۞

ချစ်သော.....Emily

ချစ်သော.......Emily

စိတ်ညစ်တဲ့ ညတွေဆို လေတိုက်တဲ့ကွင်းပြင် အမှောင်ထဲ ထွက်ရပ်တယ်

လွန်ခဲ့တဲ့ မိနစ်ပိုင်းကပဲ ပျော်ရွှင်စွာရယ်မောနေခဲ့တာ တွေးမိတယ်

အခုတော့ ပျော်ရွှင်မှုဟာ အိပ်မောကျနေပြီး ငါက အမှောင်ထဲမှာ

◎◎◎

ချစ်သော.....Emily

ချစ်သော.......Emily

နာကျင်မှုတွေဖြေဖျောက်ဖို့မင်းကို ကိုယ်ချစ်ခဲ့တာမဟုတ်ဘူး

ကိုယ့်ရဲ့

အမြင့်မားဆုံး နာကျင်မှုဖြစ်တယ် အနက်ရှိုင်းဆုံး ဝေရဲဖြစ်တယ် အဆင့်မြင့်ဆုံး ကြေကွဲမှုဖြစ်တယ်။

မင်းသိပါတယ်

*အရာရာကို နားလည်သွားပါပြီလို့ ပြောဖို့ ကိုယ်ဘယ်လောက် ပြိုလဲခဲ့ရသလဲ

မင်းသိတယ်

ကိုယ်နာကျင်ခဲ့ရတယ်

အဲဒီလို

တစ်ဘဝလုံး နာကျင်ခဲ့ရမှုနဲ့ ထပ်တူ မင်းကိုချစ်တယ် ကိုယ် ဘယ်တော့မှ . ကိုယ်ဘယ်တော့မှနော် မင်းသိပါတယ် ကိုယ်ထုတ်မပြောတော့ဘူး

ကိုယ်ဘယ်တော့မှ .[illegible] နာနာကျင်ကျင်ပဲ ကိုယ့်တစ်ဘဝလုံး...။

* ပြထားသည့်မှာ ချမ်းမြေ့စာသား ဖြစ်ပါသည်။

⊚⊚⊚

ချစ်သော.....Emily

ချစ်သော........Emily

တိုက်အမြင့်ကြီးရဲ့ ခေါင်မိုးစွန်းမှာ ရပ်နေရသလိုမျိုး ဘဝဟာ ခုန်ချပစ်ချင်စရာ။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော........Emily

ကိုယ့်ကဗျာတွေကို ဖတ်ပါ ကိုယ်လုံလောက်စွာနာကျင်ခဲ့ပြီးပြီဆိုတဲ့ အကြောင်းကို တဆိတ်လောက် အသိအမှတ်ပြုပါ။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော........Emily

Single Fatherလုပ်မယ်

နင်နဲ့တူတဲ့ သမီးလေးတစ်ယောက် မွေးမယ်။ အဲဒီသမီးလေးနဲ့အတူ

ကော်ဖီတစ်ခွက်သောက်ရင်း

ရုပ်ရှင်အတူကြည့်ရင်း

သမီးမေမေဟာ ဘယ်သူကွဲ့လို့

လိုက်ညာပစ်လိုက်ဦးမယ်ကွယ်။

۞۞۞

ချစ်သော.....Emily

ချစ်သော........Emily

ကြောင်တွေဟာဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူးတဲ့

ချစ်သော ကြောင်မလေးရေ ...။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော.........Emily

ရင်နှင့်အမျှပဲကွယ်

သားဦးလေးက ဘယ်သူနဲ့တူလဲ

ရည်းစားဦးအချစ်ဦးပထမဆုံးသော မင့်ကိုယ်ပွားလေး

ဘယ်သူ့မျက်ဝန်းတွေနဲ့ မွေးဖွားလာခဲ့သလဲ

ဘဝမယ်ကိုယ်ရခဲ့သမျှ ရင်နှင့်အမျှပဲ။

⏣⏣⏣

ချစ်သော.....Emily

ချစ်သော........Emily

ဒါတွေဟာ ကြာခဲ့ပါပြီလို့ မင်းပြောမယ်

ဒါပေမယ့် ငါမှ မမေ့သေးတာ

စစ်ပွဲမှာ အနိုင်ရသူဟာ အမြဲတမ်း အမှန်ပေါ့

မှန်ပါတယ် ... ချစ်သော အမ်မလီ။

۞۞۞

ရုပ်ရှင်ထဲကလိုဆို ၃နှစ်ခန့်ကြာသောပေါ့ကွာ

ချစ်သော........**Emily**

မင်းကတော့ မိသားစုဓာတ်ပုံလေးထဲမှာ ပြုံးလို့ပျော်လို့

ငါကတော့ ... လွတ်သွားတဲ့ရထားတစ်စင်းကို ငေးကြည့်နေတဲ့ လူတစ်ယောက်ရဲ့ မျက်ဝန်းတွေနဲ့

မင့်အပျော်တွေကို ငါ့မှာ ငေးလို့.

မင်းပျော်နေတာကို ငါ့မှာ ငေး ...လို့...။

⏣⏣⏣

သီတာရေမြေ ဆုံးချေတော့

တချို့အရာတွေရဲ့ ရှိခြင်းက တကယ်မရှိဘူး **Emily**

မရှိတော့ခြင်းရဲ့ သေချာမှုကို အတည်ပြုပေးခြင်းဖြင့် တချိန်က ရှိခဲ့တယ်ပေါ့။

ဖတ်ဖူးတဲ့ ကဗျာလေးလို

ငါးတွေငှက်တွေကုသိုလ်ဖြစ်လွှတ်ခဲ့သလားကိုယ့်ဆီမှာ

မင်းလွတ်သွားခဲ့တယ် ...။

၀၀၀

ချစ်သော.....Emily +14

[၁]

သတိရခြင်းဟာ

ငါခုန်ချခဲ့တဲ့ချောက်ကမ်းပါးပဲ **Emily ...**

နင်မရှိတော့တဲ့မြို့ကလေးကို ခရီးထွက်ဖူးတယ်။ မြို့လေးက ဘာမှမပြောင်းလဲဘူး။

အရင်အတိုင်း ညှို့မှိုင်းမှိုင်းအရောင်တွေနဲ့ ကောင်းကင်မှာ မီးခိုးငှက်ကလေးတွေ ပျံသန်းဆဲပဲ။

ရန်ကင်းစင်တာရှေ့

ယောင်ပေပေ ငါရောက်ဖြစ်တယ်။ လက်ကောက်ဝတ်မှာမရှိတော့တဲ့နာရီလေးကို အမှတ်မထင်ကြည့်မိသလိုမျိုး လမ်းကူးလာတဲ့လူတွေကို ငေးနေမိတယ်။

ငါတွေးမိပါတယ် ...

မြို့ကလေးမှာ ငါမရှိတုန်းကရော နင်လွမ်းနေခဲ့မလားလို့။

လူတွေရဲ့မှတ်ဉာဏ်က နောက်ဆုံးတွေ့ခဲ့ကြတဲ့အချိန်မှာ

ရပ်တံ့သွားတယ်တဲ့ **Emily...**။

ငါ့လက်ဖမိုးပေါ်

နင့်မျက်ရည်စတွေကျခဲ့တာ ငါမှတ်မိတာပေါ့။ အဲ့ဒီတုန်းက မနက်ဖြန်

ကိုယ်တို့လက်ထပ်ကြမယ်လို့ပြောခဲ့တယ်နော်။

ရယ်ရ မောရပါတယ် **Emily**ရယ်...။

ရယ်စရာ မောစရာပါပဲ...။

အဲလိုပြောပြီးကတည်းက ဝေးလိုက်ရတာ။

နင်ကလည်း

နင့်အမျိုးသားကို ချစ်တဲ့အကြောင်း ပြောထွက်နိုင်တဲ့အထိ။

ငါကလည်း

နင့်အကြောင်းတွေးပြီး အခြားမိန်းမတစ်ယောက်ရဲ့နှုတ်ခမ်းကို နမ်းနိုင်တဲ့အထိ။

အခု

နင်မရှိတော့တဲ့မြို့လေးကို

ငါရောက်နေတယ်**Emily**...။

۞۞۞

ချစ်သော.....Emily +14

[၂]

နင့်မျက်ဝန်းလေးတွေ

စိုစွတ်လာတိုင်း

နင့်နှုတ်ခမ်းလေးတွေ

နွေးနေတတ်တာ

သတိရတယ် **Emily...** ။

ရင်ထဲမှာ ဘယ်တုန်းကဝေးဖူးလို့လဲ...?။

မင်းအမျိုးသားကို မင်းချစ်သွားမှာပါ...လို့ ပြောရင်း ငါငိုဖူးတယ်။

သတိရရင် နံပတ်၁ကိုနှိပ်ပါ ...

မမေ့သေးရင် နံပတ်၂ကိုနှိပ်ပါ... ဘယ်တုန်းကမှမမုန်းခဲ့ဖူးဘူးဆို

ငါ့ကိုဖုန်းခေါ်ပါ...။

မေမြို့မှာပွင့်တဲ့ပန်းက သစ္စာပန်းတဲ့**Emily...** ။
မန္တလေးမြို့ရဲ့ဆောင်းညတွေမှာတော့ ဘယ်တော့မှမပွင့်မဲ့ပန်းအတွက်

ငါမူးလဲနေတတ်ပြီ။

ဘယ်တော့မှပြန်မတွေ့ဖြစ်တော့မယ့်

လူတစ်ယောက်ရဲ့ပါးကို

အဝေးကလှမ်းနမ်းရတာ ဆန်းပါတယ်။ လွမ်းတယ်လို့မပြောပဲ

လွမ်းနေရတာမျိုးကို

အချစ်ပောင်းလို့ခေါ်တယ်**Emily ...**။

⏣⏣⏣

ချစ်သော.....Emily +14

[၃]

ရည်းစားဟောင်း တဲ့

နင့်ကို ငါ့ရည်းစားဟောင်းပါတဲ့ **Emily**ရယ်...

ငါ့မှာအထိတ်တလန့်ပါပဲ

ရင်ထဲကကံ့ကော်ပန်းတွေ

အခုထိမကြွေသေးတာ

သူတို့သိရင်ကောင်းမယ် ။

۞۞۞

ချစ်သော.....Emily +14

[၄]

အိမ်ရှေ့ကပိတောက်ပင်ကြီးကို မျက်နှာခြင်းမဆိုင်ရဲဘူး**Emily**ရယ်...

ငါတို့

အတူထိုင်ငေးနေကျ

ဝရံတာလေးကနေကြည့်လိုက်တိုင်း သူကငါ့ကိုမေးတယ်။

နောင်တတရားဟာ

ကိုယ်လွတ်သွားတဲ့

ရထားတစ်စင်းရဲ့မီးခိုးငွေ့တွေကို စိတ်နဲ့လှမ်းဖမ်းရသလိုမျိုးလား...တဲ့။

စိတ်ပျက်ငြီးငွေ့စွာ

လှဲအိပ်ချလိုက်တော့

ကောင်းကင်မှာ

နတ်ဖွက်ထားတဲ့တိမ်တွေ။

မျက်ဝန်းနဲ့ရေးတဲ့ကဗျာတွေကို

ဘယ်သူမှ

နားလည်မပေးကြပါဘူးကွယ်..။

အချစ်ဟာ

သစ်ပင်တစ်ပင်ဆို

အလွမ်းဟာ

ရွက်ကြွေတွေပဲ **Emily...**။

ဘယ်တော့မှ နဂိုအတိုင်းပြန်မဖြစ်တော့မှာသိသိကြီးနဲ့လေ...။

⏣⏣⏣

ချစ်သော.....Emily +14

[၅]

ငါ အိပ်မက်မက်တယ်**Emily...**။

အိပ်မက်မက်တာ မဆန်းပါဘူး။

ဒါပေမဲ့...

အိပ်မက်ထဲမှာတောင်

နင့်ကိုငါမပိုင်တာ ဆန်းတယ်။

မနက်ခင်းတွေမှာ

နင့်အမျိုးသားနဲ့အတူနိုးထလာတိုင်း

ငါ့ကိုသတိရပေးပါ **Emily..** ။

ငါ့ကိုချစ်ရင်သားလေးမွေးပါ...ဆိုတဲ့စကားက နောက်တာမဟုတ်ဘူး။

နောက်တာမဟုတ်ဖူး ချစ်သော.... **Emily** ရဲ့။

ငါများ

အရှင်လတ်လတ်

နင့်ရင်ထဲမှာ ဝင်စားမလားလို့လေ။

ချစ်သော.....Emily +14

[၆]

ပျော်ပါတယ်**Emily**ရေ...။

ဘယ်သူနဲ့မှစကားပြောဖို့မလိုပဲ တိတ်တိတ်လေးထိုင်နေရတာ

ပျော်ပါတယ်။

ချဥ်စပ်ခေါက်ဆွဲတစ်ပွဲကို

တစ်ယောက်တည်းစားရတာ

ပျော်ပါတယ်။

ကော်ဖီတစ်ခွက်ကို

တစ်ယောက်တည်းသောက်ရတာ

ပျော်ပါတယ်။

ညဖက်ဆို

ဘယ်သူ့ကိုမှ နှုတ်ဆက်စရာမလိုပဲအိပ်ရတာ ပျော်ပါတယ်။

စီးကရက်တွေ

အတားအဆီးမရှိသောက်ရတာ

ပျော်ပါတယ်။

"ဒုတိယလူ "သီချင်းကို

နားထောင်ရတာ

ပျော်ပါတယ်။

ကိုယ့်သေတွင်းကိုယ်

မြတ်မြတ်နိုးနိုးတူးရတာ ...

..............ပျော်ပါတယ်။

۞۞۞

ချစ်သော.....Emily +14

[၄]

ငါ အခုချက်ချင်းလဲသေပြီး

နင့်ဘယ်ဖက်ပုခုံးပေါ်

တက်တူးလေးများဝင်စားမလား...။

နင်ကိုယ်တိုင်မွေးတဲ့

နင့်သားလေးများဝင်စားမလား...။

ငါ့သေတွင်း ငါတူးရတာ

ချမ်းမြေ့လှပါတယ်**Emily...**။

⏣⏣⏣

ချစ်သော.....Emily +14

[၈]

ကိုယ့်ပုခုံးကိုကိုက်နေတဲ့ခြင်တစ်ကောင်ကို မရိုက်အားသေးသလိုမျိုး သတိရစိတ်ဟာတဆစ်ဆစ်ပေါ့**Emily**ရယ်...။

သံသရာတစ်ထောင့်မှာ ကိုယ် စောင့်နေမှာပေါ့။

တတ်တူးဆင်တူထိုးဖို့...။

Allsterဖိနပ်လေး ဆင်တူစီးဖို့...။

ကော်ဖီတစ်ခွက်နဲ့ တိတ်တိတ်လေးထိုင် **Supernatural**ဇာတ်လမ်းတွဲ အတူတူကြည့်ဖို့...။

စာအုပ်တစ်အုပ်ကို အတူတူဖတ်ရင်း ...

မင့်ပါးလေးကို ဖြတ်ခနဲနမ်းလိုက်ဖို့ ကိုယ်စောင့်နေမှာပေါ့...။

۞۞۞

ချစ်သော.....Emily +14

[၉]

“မင်းအတွက်နောက်ဆုံး” ဆိုတဲ့ကဗျာလေးမှာ အဆုံးသတ်မရှိကြောင်း

ပြောပြဖို့...။

ကိုယ်ဖွဲ့တဲ့အလွမ်းတေးတွေမှာ

မင်းပုခုံးပေါ်လာနားမယ့် ချစ်စရာ့လိပ်ပြာလေးတွေပါကြောင်း

ပြောပြမလို့...။

ကိုယ်ကြြင်နာရတဲ့

ဖျားနာနေသောကံ့ကော်ပွင့်လေးဟာ

မင်းဖြစ်ကြောင်း

ပြောပြဖို့ ...

သံသရာတစ်ထောင့်မှာ

ကိုယ်

တိတ်တိတ်လေးစောင့်နေမှာပေါ့ကွယ်...။

۞۞۞

ချစ်သော.....Emily +14

[၁၀]

နင်ပြောခဲ့တဲ့စကားလေးအတိုင်းပဲ...

ငယ်ဘဝရဲ့

ကစားကွင်းလေးကိုပြန်ရောက်တဲ့အခါ
ပျော်ရွှင်မှုခြေရာတွေကိုပြန်မတွေ့တော့သလိုမျိုး...။

အတိတ်ဟာ

တူးတိုင်းနက်တဲ့စိတ်သေတွင်းပေါ့ **Emily...**။

နင်ဘယ်တော့မှပြန်မလာတော့မယ့်မြေမှာ

ငါ့နိုင်ငံကို

အခိုင်အမာတည်ထောင်နေရတာ

.... မောတယ်။

⌬⌬⌬

ချစ်သော.....Emily +14

[၁၁]

Deanပြောသလိုပဲ

မနက်ခင်းတိုင်းမှာ မျှော်လင့်ချက်အမှားတွေနဲ့ နိုးထမလာချင်တော့ဘူး ။

ကိုယ့်အကြောင်း

ကောင်းကောင်းမမှတ်မိတော့တဲ့ မိန်းမတစ်ယောက်ကိုလည်း

လွမ်းမနေချင်တော့ဘူး။

ညနေခင်းတွေဆို

ကိုယ် ဆိုင်ကယ်တစ်စီးနဲ့

ကျုံးဘေးရောက်ဖြစ်တယ်။

တိမ်တွေ တိမ်တွေဆိုတာ အရမ်းလှတာပဲ။ လွမ်းတဲ့စိတ်နဲ့ အိပ်မနေပါနဲ့တော့လို့ ပျံလွှားငှက်ကလေးတွေကပြောတယ်။

မန္တလေးမြို့ဟာ

အနုပညာစာတတ် လွှမ်းခြုံထားတယ်ထင်ရဲ့။ ကိုယ်ဝင်ထိုင်မိတဲ့အရက်ဆိုင်မှာ

တီးဝိုင်းကလေးက

နွေဦးကံ့ကော်များနဲ့ကြွေနေတယ်။

ကိုယ်

တစ်ခွက်ပြီးတစ်ခွက် မော့တယ်။

မှူးမှူးနဲ့ လမ်းမကြီးကိုကြည့်ရတာ

ကြေကွဲစရာပါ။

Black listထဲကကောင်က နင့်ပါးပေါ်ကပါးကွက်လေးကအစ

မှတ်မိနေတတ်တာ

သိပ်တော့

စောက်ရေးမပါပါဘူး **Emily**ရယ်...။

۞۞۞

ချစ်သော.....Emily +14

[၁၂]

နင်သေပြီး

ငါရူးသွားတယ်လို့

အိပ်မက်မက်တယ်...**Emily** ။

ဒါပေမဲ့

တကယ်တမ်းက

နင်အရှင်လတ်လတ်ရှိနေရဲ့နဲ့

ငါ ရူးနေတာ။

အခုတလော

ငါ့မှာ အဖက်ဖက်က ပျက်ဆီးပြိုကျနေတယ်။

လူ့ဘဝရဲ့ ရှင်သန်ခြင်းဟာ ဘာလဲ...?

ငါ့မှာ အဲဒီမေးခွန်းကို တဖွဖွရွတ်နေမိတယ်။

ငါ့ကို

တစ်ကယ်မချစ်တဲ့မိန်းမတွေ...

ကျောပေးလိုက်တာနဲ့

ဘယ်တော့မှပြန်မတွေ့ကြတော့မယ့်

ဆက်ဆံရေးတွေ...

တစ်ယောက်တည်းဖြစ်နေတယ်လို့

ကယောင်ချောက်ခြားတွေးပြီး

တစ်ကယ်လည်း

တစ်ယောက်တည်းဖြစ်နေတာမျိုးတွေ...

ငါနေထိုင်ရာမြို့ကို

လူမရှိတဲ့ကျွန်းကြီးလို့ ထင်နေမိတာတွေ...

ငါမပျော်ဘူး **Emily...**။

ငါ တကယ်ကို မပျော်ဘူး ။

သေဆုံးသွားတဲ့လူတစ်ယောက်နဲ့ မတွေ့နိုင်တော့သလိုမျိုးကြီးကို အရှင်လတ်လတ်ဝေးသွားခဲ့ရတယ်လို့

ငါခံစားရတယ်။

ခံနိုင်ရည်တွေထက်ကို

ပိုပြီးတော့

အဆက်အသွယ်ပြတ်သွားတယ်လို့

ငါခံစားရတယ်။

တစ်ကယ်သေသွားရင်

နောက်ဘဝရှိတယ် **Emily...**။

"ရှင်ကွဲ "မှာ နောက်ဘဝမရှိဘူး ...။

۞۞۞

ချစ်သော.....Emily +14

[၁၃]

မင်းချိုးကွေ့လိုက်တဲ့

လမ်းတိုင်းရဲ့အဆုံးမှာ ငါရှိနေချင်တယ် **Emily**။

ဒါပေမဲ့

စက္ကန့်တိုင်း စက္ကန့်တိုင်းမှာ

ငါတို့ပိုဝေးသွားကြတာသိနေရတယ်။

ငါလှမ်းလိုက်တဲ့ခြေလှမ်းတိုင်းဟာ
ဆန့်ကျင်ဖက်အရပ်ကိုသာဦးတည်နေတယ်လို့ ခံစားနေရတာမျိုး အရမ်းဖြစ်နေတယ်။

ငါငယ်ငယ်က

သဲအိမ်လေးတွေဆောက်တယ် **Emily**။

ဒါပေမဲ့

အိမ်ပြန်ချိန်ရောက်ရင် ဝမ်းနည်းစွာထားပစ်ခဲ့ရတာချည်းပဲ။

မျှော်လင့်ချက်ဆိုတာ

လှလှပပဖြိုချခံရတဲ့သဲအိမ်တွေပေါ့

လရောင်တွေ အရမ်းလင်းတဲ့ညမှာ

လေချွန်သံတိုးတိုးကြားရရင်...

မင်းနှာသီးဝမှာ စီးကာရက်နံ့လေး

သင်းခနဲရလိုက်ရင်...

စားပွဲထောင့်စွန်းကဝက်ဝံရုပ်လေး

သူ့အလိုလိုပြုတ်ကျသွားခဲ့ရင်...

တိုက်ဆိုင်မှုမရှိပဲ

တစ်စုံတစ်ယောက်ကို

သတိရနေတာမျိုး ဖြစ်ခဲ့ရင်...

သိလိုက်ပါ...

နင့်ဘေးက

အခိုးအငွေ့လေးတွေဟာ

ငါ ဖြစ်နေနိုင်တာမျိုးပေါ့...။

◎◎◎

ချစ်သော.....Emily +14

[၁၄]

လေတွေအရမ်းကိုပိုတိုက်လာတယ်။ နှင်းတွေအရမ်းကိုပိုကျလာတယ်။

မဟာဝက်ပါဆန်ဆန်လောကထဲ

ငါတို့တွေ

တစ်ယောက်ကိုတစ်ယောက်

ကျပျောက်တဲ့အခါ။

အိမ်ယာမဲ့ဂျစ်ပစီတစ်ယောက်ဟာ

နှင်းမိုးတွေအောက်မှာ

သူ့ခွေးကလေးကို

ပွေ့ဖက်ထားတဲ့အခါ။

စွန့်ပစ်ခဲ့တာမဟုတ်ဖူး ဆုံးရှုံးခဲ့ရတာပါလို့

ငါတို့တွေ

ပြောခွင့်မရှိတော့တဲ့အခါ။

အချစ်ဆိုတာ...

နှင်းဆီပန်းတစ်ပွင့်မဟုတ်တော့ဘူး
တစ်ယောက်တည်းလျှောက်တဲ့လမ်းမများအပေါ် ကျေနပ်စွာ

ကျောင်းလိုက်ခြင်းပဲဖြစ်တယ် ။ ။

⏣⏣⏣

အစိမ်းသေ

သစ်ရွက်တွေ အစိမ်းလိုက် ကြွေကျနေတယ်

မြစ်ထဲမှာ ကြယ်ကြွေတွေ မျောပါလို့

ငါက ချောက်ကမ်းပါးစွန်းမှာ ဓားတစ်လက်ကိုင်ပြီး ရပ်နေတယ်

နောက်ပြီးနင့်ကိုဖုန်းခေါ်ဖို့ အကြိမ်ကြိမ် ကြိုးစားတယ်။

သတိရတယ် **Emily**

ဒါအိမ်မက်ပါ...။

۞۞۞

အိပ်မပျော်တဲ့ညတွေအကြောင်း

လရောင်တွေ လင်းတဲ့ညမှာ အဝေးက သီချင်းသံ ကြားရတယ်

ကိုယ်က ညညဆို အိပ်လို့ မပျော်သူပါ ထိပ်ထားရဲ့ အိပ်မက်တွေထဲမှာသတိရခြင်း ကင်းနေမလား

ကံ့ကော်ပွင့်လေးတွေကတော့မနှစ်ကလို ဖျားနာနေဆဲပါ

နှင်းကျတဲ့ မနက်တွေမှာဆို လူတစ်ယောက်ဟာ မင်းနေ့နာမ် ဂြိုလ်ထောင့်မှာ ဆီမီးခွက်လေးတွေ ထွန်းလို့ သူ့ကိုယ်သူမီးညှိရင်း ချမ်းနေရှာတာ သနားတတ်မယ်ဆို သနားစရာပါ။

လရောင်တွေ အရမ်းလင်းတဲ့အခါ

သတိရစိတ်နဲ့ မအိပ်တော့တဲ့ လူတစ်ယောက်အကြောင်းပါ။

❂❂❂

“Rest In Peace”

ဒီလို ရက်တွေ

ဒီလို နှင်းတွေ

မှတ်မိတာပေါ့ လွဲခဲ့တယ်

သံသရာတစ်လျှောက်လုံး စောင့်နေမှာလား။

စောင့်နေမှာပေါ့ ဒီလောကရဲ့ လူတစ်ယောက်က အခြားသော ဘုံဘဝက လူတစ်ယောက်ကို စောင့်နေရခြင်းမျိုးနဲ့

သေသွားတာမျိုးလား ... မဟုတ်ပြန်ဘူး

မြင်နိုင်သေးလား ခေါ်နိုင်သေးလား ... မဟုတ်ပြန်ဘူး

မင်းနေတဲ့အရပ်က နှင်းနဲ့ ငါနေတဲ့အရပ်က နှင်းစက်ချင်းတောင် သူတို့လည်း မမျှော်လင့်တော့ပါဘူးတဲ့

ဟယ်လို

ဖြေပါ

ဟယ်လို -

ဖြေပါ

အချိန်ခရီးသွားရုပ်ရှင်တွေ ကြည့်တယ် .... ၂၀၁၃ ကို ဖုန်းခေါ်မလို့

ငါသေသွားရင်လည်း ကောင်းသား ... မင်းပခုံးပေါ်က တက်တူးလေးအဖြစ် ဝင်စားမလို့...။

◎◎◎

ခရီးလွန်နေတဲ့ တိမ်တွေ

လေတွေအရမ်းကိုပိုတိုက်လာတယ်။ နှင်းတွေအရမ်းကိုပိုကျလာတယ်။

မဟာဝက်ပါဆန်ဆန်လောကထဲ

ငါတို့တွေ

တစ်ယောက်ကိုတစ်ယောက်

ကျပျောက်တဲ့အခါ။

အိမ်ယာမဲ့ဂျစ်ပစီတစ်ယောက်ဟာ

နှင်းမိုးတွေအခေက်မှာ

သူ့ခွေးကလေးကို

ပွေ့ဖက်ထားတဲ့အခါ။

စွန့်ပစ်ခဲ့တာမဟုတ်ဖူး ဆုံးရှုံးခဲ့ရတာပါလို့

ငါတို့တွေ

ပြောခွင့်မရှိတော့တဲ့အခါ။

အချစ်ဆိုတာ...

နှင်းဆီပန်းတစ်ပွင့်မဟုတ်တော့ဘူး
တစ်ယောက်တည်းလျှောက်တဲ့လမ်းမများအပေါ် ကျေနပ်စွာ

ကျောခင်းလိုက်ခြင်းပဲဖြစ်တယ် ။ ။

ညီမလေးသို့ နှင်းစက်များ

ကိုယ်တို့ဂျာနယ်တိုက်၏ ဖောင်ပိတ်ရက်တစ်ရက်တွင် ကိုယ်အလုပ်များနေခဲ့သည်။ ကိုယ် ရုံးမှပြန်လာသောအခါ ညဥ့်ဦးပိုင်းအချိန်ဖြစ်နေပြီး ညီမလေးသည် ကိုယ့်ဖုန်း ကို မကိုင်ခဲ့ပါ။ အိမ်အပြန်လမ်းတွင်တွေ့သော ဘားတစ်ခုတွင် ကိုယ်ဝင်သောက်သည်။

ဆိုင်၏ အရှေ့ဘက်ခြမ်း မှန်ပြင်နားတွင် ကိုယ်ထိုင်မိသည်။ အစေးစိမ့်ရီဝေလွန်းသော ဒီဇင်ဘာဆောင်းည၏ နှင်းစက်များ လေထဲတွင်ဝဲနေသည်ကို မှန်ပြင်ကို ဖြတ်ကာ မြင်ရပါသည်။ လူသူကျဲပါးနေပြီဖြစ်သော ဆိုင်ရှေ့ ပလက်ဖောင်း။ လေထဲတွင် ဝေ့နေသော သစ်ရွက်ကြွေ အဝါရောင်လေးများ။

ဖြူဖွေ့ဖွေ့ လမ်းမီးရောင်။

ထို့နောက် လက်ခြင်းတွဲကာ ခပ်ဖြည်းဖြည်း ဖြတ်လျှောက်သွားသူများ။

ရာသီဥတု၏ ဆိုးဝါးမှုမှာ တကယ်လှပါသည်။ ကိုယ်လက်ဖျားလေးများ အေးစက် လာသည်။ ဝီစကီတစ်ခွက်ကို မှာသည်။ ကိုယ် ပုစွန်ကြော် စားသည်။ ဆိုင်ရှင် အန်ကယ် မန်းနစ်စ်က ကိုယ့်ကို နားလည်သယောင် ပြုံးပြသည်။ ကိုယ် စီးကရက် သောက်သည်။ ညီမလေးကို ဖုန်းခေါ်သည်။ ကိုယ် နှင်းစက်များကို ငေးနေသော အခိုက်မှာ ညီမလေးက ပြန်ဖြေသည်။

"မူးနေပြီလား ... ညီမက လက်ထပ်ပြီးပြီလေ။ ကိုယ် ရှက်ရယ် ရယ်ဖြစ်သည်။ နောက် ကိုယ် တိတ်ဆိတ်စွာ နောက်တစ်ခွက်။ "နှင်းကျတဲ့ညတွေမှာ ညီမလေးနဲ့ မြန်မာပြည်ကို လွမ်းတယ်"၊ ကိုယ့်ကို နာကျင်စွာနွေးထွေးစေတဲ့ အရာတွေ မို့လို့လေ။

ညီမလေးရေ ... လို့ ကိုယ်ခေါ်လိုက်တဲ့အခါတိုင်း ညီမလေးက တခြားကမ္ဘာပေါ် ရောက်သွားတတ်တာ ဘာကြောင့်များလဲ။ မိန်းမတစ်ယောက်အတွက် ဖူးစာဆိုတာ သူ လက်ထပ်ချင်တဲ့အခါ အဆင်သင့်ဖြစ်နေတဲ့ ယောကျ်ားမျိုးလားလို့ မေးတော့ ညီမလေးက ကိုယ့်ပါးကို ရိုက်ခဲ့တယ်။ မြန်မာပြည်ရယ် .... ညီမလေးရယ် ... မြန်မာပြည်မှာထက် ပိုအေးတဲ့ ဆောင်းရာသီရယ် ... ကိုယ် မြန်မာပြည်ကို ပြန်လာတဲ့အခါ ညီမလေ၊ မနေထိုင်တော့တဲ့ မြို့လေးရယ် ... ။

တကယ်တော့ ဖူးစာဆိုတာ ငွေနဲ့ရေးတာပါ ညီမလေးရာ။

Emilyမဖတ်ခဲ့ရတဲ့ဒိုင်ယာရီထဲက"အက္ခရာများ"

ငါလည်း အရင်တုန်းကလို လမ်းမတွေပေါ် ဆက်လျှောက်ဆဲ။ ရန်ကုန်မိုးကလည်း အရင်လို အငြိုးတကြီး သည်းဆဲပါပဲ။

အရပ်ပုပု မျက်ဝန်းနက်နက်နဲ့ ကောင်မလေးတွေ တွေ့ရင် ငါလိုက်ငေးတယ်။ အဝါရောင်ထီးကလေး ဆောင်းထားတဲ့ ကောင်မလေးတစ်ယောက်ကို အဝေးမှာ လှမ်းတွေ့လိုက်တိုင်း အဲဒါ နင်ပဲလို့ ထင်တယ်။

လွယ်တော့မလွယ်ဘူး ရှူးနေရတာပေါ့၊ သုည ကိုး လေး နှစ် စတဲ့ ဖုန်းတွေဆို ငါ အရမ်းခေါ်ချင်တယ်။ လွယ်တော့မလွယ်ဘူး အမှတ်မရှိတဲ့စိတ်နဲ့ မမှတ်မိသင့်တဲ့ အရာတွေကို စွဲစွဲမြဲမြဲ မှတ်ထားရတာပေါ့။

အဓိပတိ အဝါဘတ်စ်ကားတွေ တွေ့ရင် ငါစီးရမယ့်ကားလို့ ထင်နေတယ်။

ကားသမားက ဘယ်သွားမလဲ မေးရင် နင်တို့ရပ်ကွက်ကို ပြောမိတော့မလို့။ အဝေးပြေးကားတွေစီးတိုင်း အဲဒီမြို့လေးမှာ နင်ရှိသေးတယ်လို့ တွေးမိတာ သိမ်မိုက်မဲတာပေါ့ဟာ။

လမ်းတစ်ဖက်မှာ နင်နဲ့တူတဲ့ ကောင်မလေးကို တွေ့တော့ ငါ ဆိုင်ကယ်ကို ကွေ့ချလိုက်တာ သေတော့မလို့။ နောက်တော့မှ တွေးမိတယ်။ အဲဒါ နင်ဆိုရင်တောင် ဘေးမှာရှိနေတာ နင့်ကောင်လေးပဲလို့။

နင်ကလည်း တစ်ချက် တစ်ချက် ရက်စက်လွန်းတယ်။ "ဘယ်တော့မှ ကလေးမယူဘူး မောင့်သားလေးမှ မဖြစ်နိုင်တော့တာ"တဲ့။ ကြည့် ... ဘယ်လောက်ရက်စက်လဲ။

အဲဒီလိုစကားတွေနဲ့ နောက် ငါက ဘယ်လိုအင်အားနဲ့ ဘဝသစ်မှာ နေပျော်တော့မလဲ။

လွယ်တော့မလွယ်ဘူး **Emily** ရယ် ... အိမ်ထောင်သည် မိန်းမတစ်ယောက်ကို စောက်ရှက်မရှိ လွမ်းနေရတာပေါ့။

۞۞۞

မြို့ကလေးကို ကိုယ်ပြန်လာတဲ့အခါ

နှင်းစက်တွေအကောက်မှာ လက်နှစ်ဖက်ကို တင်းတင်းပိုက်ပြီး လမ်းလျှောက်ခဲ့တဲ့ည။ လရောင်ဖျော့ဖျော့ကို မော့ကြည့်တဲ့အခါ တစ်ခါက ကိုယ်တို့ အတူချစ်ခဲ့ဖူးတဲ့ ကြယ်တွေ

အင်္ကျီခေါင်းစွပ်ကို ဆွဲချတယ်။ စီးကရက်ကို နက်နက်ရှိုင်းရှိုင်း ရှိုက်ချတယ်။

ဒီမြို့ကလေးကနေ ညီမလေး ထွက်သွားတုန်းက ကိုယ်လည်း ဒီမြို့လေးမှာ မရှိခဲ့ဘူးလေ။ အခု ကိုယ် ဒီမြို့ကလေးကို ပြန်ရောက်တဲ့အခါမှာလည်း ညီမလေးက မရှိတော့ဘူး။ မြို့ကလေးဟာ ကြွေမွခဲ့ရပြီး ကိုယ်က တစ်ခါခွဲသွားလိုက်။ ညီမလေးက တစ်ခါထွက်သွားလိုက်နဲ့။ မှတ်သုန်ရာသီ မြို့ကလေးဟာ ဒဏ်ရာတွေ ထပ်နေရော့မယ်။

ညီမလေးတို့အိမ်ရှေ့က ဗံဒါပင်လေးက ကိုယ့်ကို နာနာကျင်ကျင် ပြုံးပြတယ်။ ညီမလေး မရှိတော့ဘူးတဲ့။ ကိုယ် မီးခိုးတအူအူနဲ့ ပြန်ပြောဖြစ်တယ် .. “အရမ်းကို လွမ်းနေခဲ့တာ သိရဲ့လား” လို့။ “ကိုယ် ရထားတွေ ခဏခဏစီးတယ် အဲဒီရထား တွေက ဒီမြို့ကလေးကို မရောက်ကြဘူး” လို့။

ကိုယ် လက်တွေကို တင်းတင်းပိုက်လိုက်တယ်။

အနာတရ နေ့ရက်တွေမှာ ပျော်တတ်လာတယ်ဆိုတာ နာကျင်စရာတွေ မကျန်တော့တဲ့အခါမှပါကွာ ... လို့။

စီးကရက်ကို တောက်ထုတ်လိုက်ပါတယ်။ လူတွေက မှားတတ်လို့ ခဲဖျက်ကို တီထွင်ခဲ့ကြသတဲ့။ ကိုယ်ရေးခဲ့တဲ့ အစွန်းအထင်းတွေက ရယ်တယ်။

မြို့ကလေးကို ပြန်လာတဲ့အခါ ညီမလေးက မရှိတော့ဘူးလေ။

◎◎◎

အဆွေးရုပ်ရှင်

ဟိုးအဝေးကြီးကို ငေးကြည့်တဲ့အခါ အရာဝတ္ထုတွေဟာ တဖြည်းဖြည်း ပိုဝေးလာတယ်လို့ခံစားရတယ်။

ငါလည်း ဒီလိုပဲ မင်းကို တိတ်တိတ်လေးငေးနေမိတာ

တည်နေရာမတူတဲ့ အရာတွေကို တစ်ထိုင်တည်းကြည့်နေသလိုမျိုး ဘတ်စ်ကားတွေ ... မိုးသည်းသည်းအောက်က ထီးရောင်စုံတွေ ... နောက်ပြီး

ပလက်ဖောင်းပေါ်မှာ တစ်ဦးနဲ့ တစ်ဦးမသိကြတဲ့ သူစိမ်းတွေ

ရွှေလျားလူအုပ်ထဲမှာ ငြိမ်သက်စွာ ကျောက်ရုပ်လိုဖြစ်နေတာ ငါ တစ်ယောက်တည်း

ပတ်ဝန်းကျင်တစ်ခုလုံး သဘာဝမကျတဲ့ အနေစက်မှုတွေနဲ့

ငါသိတယ် ဇာတ်သိမ်းရောက်ရင် ငါတို့ အစက ပြန်လှဲကြရဦးမှာ

ကြည့်ပြီးသား ရုပ်ရှင်တစ်ခုလိုပေါ့

ဒါပေမယ့် အဲဒီအခန်းရောက်တိုင်း မျက်ရည်ဝဲရတယ်

မင်း ... ချမ်းမြေ့ပါစေ။

◎◎◎

မရှိတော့တဲ့ လူတစ်ယောက်အကြောင်း

မလျှောက်ဖြစ်ခဲ့တဲ့ လမ်း

မရေးဖြစ်ခဲ့တဲ့ ကဗျာတွေနဲ့

မပြောဖြစ်ခဲ့တဲ့ စကားလေးတွေ

မရခဲ့တဲ့ အတူရှိနေခြင်းဟာ မရွေးချယ်ခဲ့မိတဲ့ ဘဝတွေ

မထိုင်ဖြစ်တော့တဲ့ ဆိုင်

မဆိုဖြစ်တော့တဲ့ သီချင်း

စားလို့မဝင်တော့တဲ့ အစားအသောက်အချို့

နောက်

ကိုယ်အိပ်လို့မပျော်တော့တဲ့ ညတွေ ... ။

◎◎◎

မင်းပြောင်းလဲလာတယ်

အခုကိုယ့်လက်ထဲမှာ သေနတ်တစ်လက်ရှိနေတယ် သေသင့်တဲ့ လူဟာ ကိုယ်ဖြစ်နိုင်ချေများတဲ့ ကိစ္စက ပြဿနာပဲ။

မင်း စီးကရက် ကြိုက်လာတယ် မင်း အနေအထိုင် တတ်လာတယ် မင်း အခန်းသော့လေး ပြောင်းသွားတယ် မင်း ဆံပင်ပုံစံ ပြောင်းသွားတယ် မင်း ရှော့တ်ပန်လေးတွေ ပြောင်းသွားတယ် မင်း သုံးတဲ့ ရေမွှေးဘရန်း‌ဒ် ပြောင်းသွားတယ် မင်း မျက်လုံးအရောင်တွေက အစ ပြောင်းသွားတယ်။

ပူပူနွေးနွေးကော်ဖီတစ်ခွက် မှောက်ကျသွားသလိုမျိုး အထိတ်တလန့် ကိုယ့်လက်ထဲမှာ သေနတ်တစ်လက်ရှိနေတာဟာ ပြဿနာပါ။

۞۞۞

“ခင်သို့”

မြို့တွေတော့ လွင့်ပြီ ခင်ရေ

နှင်းစက်တွေအောက်မှာ ငါ အမြဲ အသည်းကွဲခဲ့ရတဲ့ လမ်းတွေ

တစ်ကိုယ်တော်အိမ်ပြန်လာတဲ့ ညတွေဆို သွား သွားထိုင်ပြီး

မျက်ရည်ကျရတဲ့ ပလက်ဖောင်းတွေ

“တမ်းတခြင်းများစွာ” ဇာတ်ကားထဲကလို လမ်းမီးတိုင်အဝါရောင်တွေကို မော့ကြည့်ပြီး

အရူးတစ်ယောက်လို စကားတွေ အော်ပြောခဲ့ရတာတွေ ငါ ရေးတဲ့ကဗျာတွေကို အော်ရေးရှားပင်ပေါ်က ဆောင်းခိုငှက်ကလေးတွေက နားလည်ကြပါတယ်လို့ ရူးကြောင်ကြောင် တွေးမိတာတွေ

ငါလေ ဘယ်သူ့ကိုမှ ချစ်ဖို့ မလိုအပ်တော့ပါဘူး

အခုချိန်မှာတော့ ဖန်ခွက်ထဲက ဆောင်းညအမှုန်တွေ ပြေးကောက်ရင်း ငါ မူးလဲတတ်တာ ကြာပေါ့

Someone like you သီချင်းကို ငါဆိုတတ်တာ ကြာပေါ့

အနားမှာ ဘယ်သူမှရှိဖို့ မလိုအပ်တော့ဘူးလေ

ဘုံဆိုင်ထဲက ချောင်တစ်ချောင်မှာ သီချင်းလေးတွေနဲ့ အသံတိတ်ငိုရတာ

ချမ်းမြေ့လှပါတယ်

လမ်းမပေါ် လူတွေရှင်းတဲ့ အချိန်ကျ လေပွေပေါ်က သစ်ရွက်လေးလို ငါဝေ့ဝေ့ဝဲဝဲ

အိမ်ပြန်မှာပေါ့နော်

ကိုဇင်လူတင့်စကားနဲ့ ပြောရရင်

အရက်က သိပ်ကောင်းတယ် ခင်ရေ

အရက်လေးများ မူးရင်လေ

ခင့်ကိုလည်း ခွင့်လွှတ်တယ်

ကိုယ့်ကိုယ်ကိုလည်း ခွင့်လွှတ်တယ် ...

۞۞۞

“ငှက်ကလေး…ပျံသည် …အဝေးသို့”

မေတ္တာတရားမှာ စကားလုံးတွေအပြင် တခြားသောအရာတွေလည်း ရှိသေးတယ် ကလေးရဲ့

မျက်လုံးလေးတစ်ချက် ပင့်ကြည့်တာက စလို့ မင်းအကြောင်းတွေးပြီး သက်ပြင်းမောချမိတာတို့ အကြောင်းပြချက်မရှိဘဲ ခပ်ဟဟပြုံးရယ်ပြီး မျက်နှာလွှဲပစ်လိုက်ရတာတို့ ကော်ဖီတစ်ခွက်ရဲ့ အပေါ်ယံမျက်နှာပြင်မှာ အဝေးကမင်းမျက်နှာလာပေါ်တတ်တဲ့ မှော်ဓာတ်လုံးစွမ်းအင် ရှိလာတာတို့ တယ်လီပသီလို့ ခေါ်မလား နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် လွမ်းဆွတ်လို့ ညသန်းခေါင်မှာ လန့်နိုး ခိုးသွားတဲ့ အိပ်မက်လေးတွေ ပြန်ပေးကြေး ပဟေဠိဖွက်ဖူးတာတို့ မှတ်မိမလား

အချစ်ဆိုတာကလည်း ရင်ထဲမှာပဲ လက်မှတ်ရေးထိုးရတဲ့ စာချုပ်ပေါ့ကွယ် ကိုယ်က ရုပ်ဝတ္ထုတွေနဲ့ မချုပ်နှောင်တတ်သလို မျက်ဝန်းတွေနဲ့လည်း မငိုတတ်ဘူး ငှက်ကလေး ….ပျံသည် …အဝေးသို့ … ရိုးရိုးလေးပဲ ဝါကျဖွဲ့ လိုက်တယ်

မင်း….

ချမ်းမြေ့ပါစေ

۞۞۞

“ကိုယ်လွတ်သွားတဲ့......”

ကိုယ်လွတ်သွားတဲ့ ရုပ်သံဇာတ်လမ်းတစ်ခုကို ပြန်မကြည့်ချင်တော့ဘူး

ကိုယ်လွတ်သွားတဲ့ တချို့အကြောင်းအရာတွေကို မသိချင်တော့ဘူး

ကိုယ်လွတ်သွားတဲ့ ငါးကလေးတွေလည်း ပြန်မဖမ်းတော့ဘူးလေ

ဟုတ်ပါရဲ့ ... . ကိုယ်လွတ်သွားတဲ့ အိမ်ကလေးကိုလည်း ပြန်မရောက်ဖြစ်သေးဘူးကွယ်

အဲဒီလိုနဲ့လေ ကိုယ်လွတ်သွားတဲ့ ပြဇာတ်လေးမှာ သူကမင်းသမီးပေါ့ ... ။

၀၀၀

“လေတွေက သူတို့ကိုယ်တိုင် လွင့်နေရတာ”

လေတွေအရမ်းကိုပိုတိုက်လာတယ်။ နှင်းတွေအရမ်းကိုပိုကျလာတယ်။

မဟာဝက်ပါဆန်ဆန်လောကထဲ

ငါတို့တွေ

တစ်ယောက်ကိုတစ်ယောက်

ကျပျောက်တဲ့အခါ။

အိမ်ယာမဲ့ဂျစ်ပစီတစ်ယောက်ဟာ

နှင်းမိုးတွေအခောက်မှာ

သူ့ခွေးကလေးကို

ပွေ့ဖက်ထားတဲ့အခါ။

စွန့်ပစ်ခဲ့တာမဟုတ်ဖူး ဆုံးရှုံးခဲ့ရတာပါလို့

ငါတို့တွေ

ပြောခွင့်မရှိတော့တဲ့အခါ။

အချစ်ဆိုတာ...

နှင်းဆီပန်းတစ်ပွင့်မဟုတ်တော့ဘူး
တစ်ယောက်တည်းလျှောက်တဲ့လမ်းမများအပေါ် ကျေနပ်စွာ

ကျောခင်းလိုက်ခြင်းပဲဖြစ်တယ် ။ ။

“နင်ဟာ”

နင်က ကြယ်ဆန်တယ် ဘဝနဲ့ချီပြီး ဝေးကွာလွန်းသလောက် နင့်အလင်းတွေက ငါ့ဆီရောက် ရောက်လာ တယ်။

နင်က မြစ်တစ်စင်း ဆန်တယ် နင့်ကို ငါမပိုင်ပေမယ့် ငါ့ကမ်းပါးကို တိုက်စားတတ်လွန်းတယ်။

နင်က ကောင်းကင်ဆန်တယ် ဘယ်တော့မှ မရောက်နိုင်ပေမယ့် ငှက်ကလေးတစ်ကောင်လို ငါ အမြဲပျံသန်းဖြစ်တယ်။

နင်က အလင်းဆန်တယ် နင့်ကိုငါ အသက်လို လိုအပ်ပေမယ့် တစ်ခါတရံသိပ်ပြီးတော့ ရှာရခက်တယ်။

နင်က ပန်းဆန်တယ် ငါ မစိုက်ပျိုးခဲ့ပေမယ့် အလွမ်းဆိုတဲ့ နာမည်နဲ့ နင်လေ ပွင့်ဖူးတတ်လွန်းတယ်။

နင်လေ နင်ဟာလေ ... . .။

◎◎◎

“ငါတို့ဟာ တရွေ့ရွေ့”

တစ်ခါ တစ်ခါ ဖန်ခွက်လေးတွေ ခွဲကြည့်ချင်တယ် သူတို့ရဲ့ ကျကွဲသံအောက်မှာ ကိုယ့်ကိုယ်ကို ပြန်တွေ့မလားလို့လေ ..။

ဒီလိုပါပဲ

ဘဝဟာ တရွေ့ရွေ့ ....

ငါတို့ဟာ .. နှုတ်မဆက်ဘဲ ထွက်သွားကြတာ

တရွေ့ရွေ့.....။

မင်းပျော်ရဲ့လား မင်းဘဝထဲမှာ

ငါတော့ မပျော်ဘူး

ငါ့ဘဝထဲမှာ ... ။

အိပ်မက်တွေမက်ရင်း တယ်လီဖုန်းနံပါတ်တွေ နှိပ်ဖို့ စိတ်ကူးရင်း ပြုံးပြရယ်မောစကားအချို့ဆိုရင်း မနာကျင်ကြသလို ဖုံးရင်း ကွယ်ရင်း ... .။

ပြိုလဲခဲ့သမျှကို အစကပြန်ပြီး တည်ဆောက်ခဲ့ကြ ဘယ်တော့မှ အကောင်းတိုင်း ပြန်မရခဲ့ကြ အတုအယောင် အသစ်တွေ ရခဲ့ကြ စိတ်မှတ်မှားမှု အသစ်တွေ ရခဲ့ကြ ... ။

ဒီလိုပါပဲ......

ငါတို့ဟာ တရွေ့ရွေ့ ... . ။

⏣⏣⏣

“ကောင်းကင်ပြို့အောက်မှာ ငို”

တိမ်တွေပုံ့သွားတိုင်း ဘယ်တော့မှ လက်ပြခွင့်မရခဲ့တဲ့ ကောင်မလေးပေါ့ မောင့်ကို အဲဒီကြိုးလေးတွေနဲ့ ချည်ပါရစေ မောင့်လက်မောင်းပေါ်မှာ ငိုပါရစေ မောင့်မေးဖျားလေးကို မမီမကမ်းနမ်းပါရစေ

ကျွန်မမျက်ဝန်းထဲက တိမ်တိုက်လေးလည်း ညှိုးတတ်ပါကြောင်း ဘယ်အချိန်ကတည်းက ငွေ့ရည်ဖွဲ့သွားမှန်းမသိပေမယ့် ငိုတတ်ပါကြောင်း အိပ်မက်တွေထဲမှာ မောင်ရှိတဲ့မြို့လေးကို အကြိမ်ကြိမ် တံခါးခေါက်ဖူးပါကြောင်း မောင့်ကို မပိုင်ဆိုင်ရဘူးဆိုတဲ့ အသိတွေနဲ့ နိုးထလာတဲ့ မနက်ခင်းတိုင်းကို နွေလို့ ခေါ်ပါကြောင်း

မောင်ရယ် .... ကျွန်မရှိတဲ့အရပ်ကို ခရီးထွက်ပါ

မျက်ဝန်းတွေနဲ့ပဲဖြစ်ဖြစ် ချစ်ခဲ့ဖူးတယ်လို့ ဝန်ခံပါ တယ်လီဖုန်းကို စိတ်ကူးနဲ့တော့ ကောက်ကိုင်ခဲ့တယ်လို့ ဝန်ခံပါ မောင့်ကဗျာလေးတွေက ကျွန်မကို ရည်ရွယ်တယ်ဆိုတာ ဝန်ခံပါ နှုတ်က ဖွင့်ဟဖို့မလိုဘူးကွယ် မောင့်မျက်ဝန်းညှိုလေးတွေထဲမှာပဲ ဝန်ခံပါ။

စစ်ငြိမ်း

* သူ့ရင်ထဲမှာ ဘာတွေရှိနေမလဲဆိုတာ သိနေလို့ သူ့နေရာကနေ ရေးဖြစ်ခဲ့တဲ့ ကဗျာပါ

◎◎◎

“မင်းအတွက် နောက်ဆုံး …” (ကဗျာ)

ကိုယ်ကဘဝထဲ မင်းကိုမခေါ်နိုင်တော့

မင်းက အခြားသောဘဝထဲမှာ အရည်ပျော်သွားရလေတယ်

ပန်းလေးတစ်ပွင့်ခူးတာကအစ ဆူး မစူးအောင် ဂရုစိုက်ပါ

လူတိုင်းဟာ ကိုယ်မဟုတ်ဖူးအချစ်ရဲ့

မင်း … ချမ်းမြေ့ပါစေ ….။

ကိုယ်အကျယ်ကြီးအော်ငိုလိုက်တော့ တစ်လောကလုံး တိတ်ဆိတ်သွားတယ်

ဘယ်သူမှ နားမလည်ပဲ့ါလားကွယ်

ပွဲမပြီးသေးပေမဲ့ မီးသေခဲ့ပီမို့ ကိုယ်ကတော့ ဒီခရီးကို ဒီထီးလေးဆောင်းပီး ဆက်သွားတော့မယ် မင်း .. ချမ်းမြေ့ပါစေ …..။

မင်းနဲ့ကိုယ် ဝေးခဲ့ကြပြီဆိုတာ တကယ့်အဖြစ်အပျက်

ပွဲတော်ညတွေဆို အိမ်ရှေ့ခန်းလေးရဲ့ ပြတင်းပေါက်မှာ ကိုယ်တစ်ယောက်တည်း။ လမင်းကြီးကသာနေတာ ဖော်ပြလို့မရတဲ့ အရောင်တစ်ခုနဲ့။ စီးကရက်တွေ သောက်ရင်း ဖုန်းမျက်နှာပြင်ကို ငေးနေမိတယ်။ မင်းဖုန်းမဆက်တာ ၈ လကျော်ပြီ။ စာမလာ သတင်းမကြားနဲ့ အဆင်ပြေနေတယ်ပဲ မှတ်ပါတယ်။ ဒါပေမယ့် ဖော်ပြ လို့မရတဲ့ အရောင်တွေနဲ့ ကိုယ့်စိတ်တွေ အုံ့မှိုင်းလို့ လရောင်ကိုမြင်ရင် လူတွေက စိတ်ကြည်နူးတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားကွယ်။

❂❂❂

ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ

[၁]

တစ်ချို့လူတွေဟာ ရှင်သန်တဲ့ ကမ္ဘာလောကချင်း မတူကြဘူး

ဒါကြောင့်ပဲ ညီမလေးရဲ့ ကမ္ဘာမှာ ကိုယ်က မရှိခဲ့ဖူးတဲ့ လူတစ်ယောက်လို

ကိုယ်ရဲ့ကမ္ဘာမှာ ညီမလေးဟာ အိပ်မက်မြူတွေလို

အဲဒီလိုမျိုး အရှင်လတ်လတ် ပျောက်ဆုံးခဲ့ကြ

ဖုန်းနံပါတ်တွေဟာ သိရက်နဲ့ ခေါ်ဆိုလို့မရ

တစ်နေရာတည်းမှာ ရပ်နေခဲ့ကြရင်တောင် ဘုံဘ၀ချင်းမတူတဲ့ လောကသားတွေကို ထိတွေ့လို့မရ

TV ထဲက ချန်နယ်လေးတွေလို အပြိုင်လောကမှာ ရှင်သန်နေကြ

ညီမလေးရယ် မင်းက ဥတ္တရယာဉ်စွန်းတန်းလေးပါကွာ

◎◎◎

ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ

[၂]

အရေးကြီးမဟုတ်ပေမယ့် အနီးနားမှာလည်းမရှိတော့တဲ့ ခံစားချက်မျိုး

သူရှင်သန်နေတဲ့ လူ့ဘုံလောကနဲ့ ကိုယ်ရှင်သန်နေတဲ့ လူ့ဘုံလောက မတူသလိုမျိုး

ကိုယ်တစ်ယောက်တည်း **Time Slip** ဖြစ်ပြီး တစ်လောကလုံးနဲ့ ကိုယ် ရပ်တည်မှု မတူတော့သလိုမျိုး

ခုသူ့ဖက်ထားတဲ့ အဝါရောင်ကြောင်ကလေးဟာ ကိုယ့်လောကမှာ လွန်ခဲ့တဲ့ နှစ်အချို့က သေသွားတဲ့ ကြောင်လေး ဖြစ်နေတာမျိုး

နှစ်ယောက်လုံး တစ်မြေတည်း တစ်ရေတည်း နေထိုင်ပြီး ထိတွေ့လို့မရ

စိတ္တဇ သို့မဟုတ် အိပ်မက်ဆန်ဆန်

၀၀၀

ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ

[၃]

ကျွန်တော်ဟာ အိမ်ရှေ့ဝရံတာမှာ အဒေးတိအဒေးစက်ထိုင်နေခဲ့ချိန်တိုင်း ကျွန်တော့်ရဲ့မပျော်ရွှင်ခြင်း စွန်လွှတ်ကစားတာကို ထိုင်ကြည့်နေခဲ့ပါတယ်။

သူစိမ်းအရပ်တွေ ဒေသစိမ်းတွေကို ရောက်တဲ့အခါ သူစိမ်းခြင်း ပြန်ပူးကပ်တဲ့ စိတ်နဲ့ ကျွန်တော် ပျော်ရွှင်သလိုပါပဲ။

အစိမ်းရောင်ကောင်းကင်

အစိမ်းရောင်ပတ်ဝန်းကျင်

သူစိမ်းဆန်ခြင်းဟာ ကျွန်တော်ရဲ့အရင်းနှီးဆုံးပါပဲ။

ကျယ်ပြန့်တဲ့ ပလက်ဖောင်းပေါ် ဝါကြင့်ကြင့် မီးတိုင်တွေအစောက် လက်တွေဆန့်ပြီး မော့ကြည့်တဲ့အခါ အမည်မသိတဲ့ ကြယ်တွေ။

သတိရခြင်းဟာ ကိုယ်ပေးရတာနဲ့ မတန်တော့တဲ့အခါ သတိမေ့တတ်ခြင်းဟာ ကိုယ့်ရဲ့အရာရာ ဖြစ်လာပါတော့တယ်။

ပင်လယ်ခရီးမထွက်ဖူးသေးဘူး။ ဒါပေမဲ့ ကိုယ့်ဘဝရဲ့ အစိတ်အပိုင်း အချို့ အချို့ကို ပင်လယ်ခြားပစ်ချင်တယ်။

ကိုယ် မပျော်ပါဘူးကွယ်။ လှိုင်းမထတဲ့ ပင်လယ်လို ငြိမ်သက်။ တိတ်တိတ်လေး အန္တရာယ်ရှိနေတာပေါ့။

၀၀၀

ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ

[၄]

ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ

တစ်ချို့သောညတွေမှာ ဘယ်သူများ ပြန်လာမလဲဆိုတဲ့ စိတ်နဲ့ ဝရံတာမှာ ထိုင်နေမိတယ်။ မိုးသည်းသည်းညတွေ။

ကိုယ့်မွေးနေ့ရှိတဲ့ ဂျွန်လ။ ဘယ်သူမှ ပြန်မလာကြဘူး။ ရာသီဥတုက အေးစက်နေတာပဲ။

ကြယ်တွေကို ငေးချင်တဲ့ ညမျိုးမှာ ကြယ်တွေ မရှိကြသလိုမျိုးပေါ့။ ကျွန်တော်တို့ ဟာ တစ်နည်းနည်းနဲ့တော့ လွဲချော်ခဲ့ကြတာပဲ။ အဝေးကြီးက လာခဲ့တယ်။

နောက်ပြီး .....အဝေးကြီးကို ပြန်ကြရမှာပဲလေ။

မိုးသည်းသည်းညတွေမှာ ကြယ်တွေအကြောင်း ဆွေးဆွေးမြွေမြွေတွေးရင်း အဆုံး အရှုံးများစွာနဲ့။

ပြန်ခဲ့မည်ပေါ့။ အေးစက်စိမ့်သည်းသော ညများမှာပေါ့။ အဝေးကြီးကို။ ပြန်ဦးမယ်။ မျှော်လင့်တတ်သူမှာ အရှုံးတွေနဲ့ပါပဲ ကြယ်တို့ရယ် ...။

ညီမလေးအတွက် ခရမ်းရောင်ပန်းပွင့်များ

ကိုယ်သေပစ်လိုက်ဖို့ မရဲသေးတဲ့ ကမ္ဘာမှာ အသက်ရှင်ဖို့ကလည်း ခပ်ယဲ့ယဲ့ **Emily**ရယ်။

အမှောင်ထုကိုငေးကြည့်ရင်း ကိုယ့်မြင်နိုင်မှုဟာ သေခဲ့တယ်။ သတိရခြင်းဟာ ဘယ်လို ဘယ်ဝါလို့ ရှင်းပြဖို့ မလုံလောက်ခဲ့ပါဘူး။

အရမ်းစိတ်ညစ်တဲ့ ညတွေဆို ကိုယ်ဟာ မှုးမှူးနဲ့ အိမ်ရှေ့ဝရံတာမှ ထိုင်နေတယ်။ ကိုယ်နေသားကျနေတဲ့ နေရာတစ်ခုဟာ ကိုယ်နေသင့်တဲ့

နေရာဟုတ်ရဲ့လားလို့ တွေးမိတယ်။

လရောင်တွေအောက်က သဲသောင်ပြင်မှာ **I Quit ...** လို့ရေးပြီး ပင်လယ်ထဲဆင်းသွားရင်ကောင်းမလားလို့ တွေးမိတယ်။ **Gatsby** ရဲ့ နာကျင်ဆွေးမြေ့နေတဲ့မျက်လုံးတွေကို ကြည့်ပြီး ခင်ဗျားကို ကျွန်တော်နားလည်တယ်လို့ ပြောဖြစ်တယ်။

⏣⏣⏣

မင်း.....ချမ်းမြေ့ပါစေကွယ်

ထူးအိမ်သင်ရဲ့ သက်ငြိမ် သီချင်းရယ်

အေးစက် ငြိမ်သက်နေတဲ့ ညည့်နက်နက်ရယ်

စီးကရက်တစ်လိပ်ရယ်

ဝီစကီတစ်ခွက်ရယ်

ဒီအချိန်ဆို တစ်ပါးသူရင်ခွင်မှာ အိပ်ပျော်နေမယ့် မိန်းမတစ်ယောက်ရယ်

ထိုအမျိုးသမီးကိုမှ ရည်စူးတတ်လွန်းတဲ့ သတိရခြင်းရယ်

ရက်စက်တယ် ရက်စက်တယ်.. **Emily** ရယ်

ငါကအရင် နင့်အပေါ်ရက်စက်တယ်

နောက်တော့ နင်က ငါ့ထက် ပိုရက်စက်ပြတယ်

ရက်စက်လွန်းတယ်ကွယ်။

ဒါကြောင့် ပြောတာပေါ့ ဒဏ်ရာတွေဟာ ခံနိုင်ရည်ထက် အမြဲတမ်းပိုခဲ့ပါ

ကိုယ့်အနားမှာ ဘယ်သူမှမရှိတဲ့ အခါတိုင်း ဝီလ်ဆင် ဝီလ်ဆင် အကျယ်ကြီးအော်တယ်။

လက်ကောက်ဝတ်ကို ဓါးနဲ့ လှီးဖို့ကလည်း သတ္တိမရှိသေးဘူးလေ။

“အရာရာကို နားလည်သွားပါပြီလို့ ပြောဖို့ ကိုယ် ဘယ်လောက်ပြိုလဲခဲ့ရသလဲ ဆိုတာ မင်းသိလား ?”တဲ့

ချမ်းမြေ့ကပြောတယ်။ ကိုယ်နားလည်သွားပြီ။ အရာရာကို အပြိုပြို အလဲလဲ နားလည်သွားတာ။

ကိုယ်မရှိလည်းဖြစ်တဲ့ ကမ္ဘာကလူတစ်ယောက် ကိုယ့်ဖြစ်တည်မှုအကြောင်း ရှင်းပြနေရသလိုမျိုး ... .။

မမြင်ရတဲ့ ကံကိုပဲ ကိုယ်လက်ညှိုးထိုးပါတယ် မင်း .... ချမ်းမြေ့ပါစေ..။ ကိုယ်ကျစိမ့်မသောက်တော့ဘူး ရှမ်းခေါက်ဆွဲမစားတော့ဘူး ကြီးကြီးမားမား ဆုံးရှုံးခဲ့ရတာ တစ်ခုကို ဖုံးကွယ်ဖို့ အသေးအဖွဲလေးတွေကို စွန့်လွှတ်ပြနေတာလေ

မင်း ..... ချမ်းမြေ့ပါစေ ... ။

ချစ်ခြင်းမေတ္တာဟာ ငွေနဲ့ဈေးဖြတ်လို့မရဘူးလို့ ကိုယ်မဝယ်နိုင်တာနဲ့ ညစ်ကျယ်ကျယ်တွေးလိုက်တယ် အဲဒီခန်းမထဲမှာ ပျော်ရဲ့လားကွယ် မင်း ... ချမ်းမြေ့ပါစေ ..... ။

ဖြတ်တိုက်သွားတဲ့ လေညှင်းလေးကအစ မင်းရဲ့ ကိုယ်သင်းနံ့အယောင်ဆောင်ပြီး ကိုယ့်ကိုလှောင်ပြောင်ကျီစယ်သွားတယ် အဲ့ဒီလိုနဲ့ ကိုယ့်အမှောင်ညတွေဆီကို အလင်းရောင်လေး ပြန်မလာတော့ဘူး အိပ်မက်အရ ရှူးခဲ့တာဆိုပေမယ့် ကိုယ်ကကြယ်တွေကိုမှ ခူးပြီး ပန်ပေးချင်ခဲ့တာပါ

မင်း ..... ချမ်းမြေ့ပါစေ .... ။

မင်းရှိုက်ထုတ်လိုက်တဲ့ ပင့်သက်မှာ ကိုယ့်အတွက် မျှော်လင့်ချက်ငွေ့ငွေ့လေးများ ရှိဦးမလားလို့

ကိုယ်တစ်ယောက်တည်းတွေးရင်း တိတ်တိတ်လေးကြိတ်ရှူးခဲ့ဖူးပါတယ် နာကျင်အချိန်ပိုမှာတောင် လူစားဝင်ခွင့်မရသူမို့ ကွင်းဘေးကနေပဲ လက်ခုပ်တီး နေပါတော့မယ်

ချမ်းမြေ့ပါစေကွယ်။

မင်းဓါတ်ပုံလေးပြန်မြင်တဲ့အခါ **message** ပြန်ဖတ်မိတဲ့အခါ အနားမှာ မင်းရှိနေတုန်းကလို

နှလုံးသားမှာ နူးညံ့ညင်သာစွာ စီးမျောအခုတော့ အရာရာအိမ်မက်လိုလိုလို မနေ့တနေ့ကလိုလို

တရေးနိုးတိုင်း လွမ်းတဲ့ စိတ်မှာ ဒဏ်ရာဟာ ကိုယ်နဲ့ အသားမကျသေးဘူး။

မင်း.. ချမ်းမြေ့ပါစေကွယ်။

အမှတ်တရဆိုတာ အမှတ်ရနေဆဲသူအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ နာကျင်မှုပါပဲ ခလုတ်တိုက်ခံရတဲ့ ခဲလုံးဆိုပေမယ့် မင်းခြေမလေးသွေးခြေဥ သွားစိုးရိမ်နေမိတာပါ

မင်း .... ချမ်းမြေ့ပါစေကွယ်။

အမှတ်တရများစွာကို တစ်ခုခြင်းဆီကိုယ်ဆုတ်ဖြဲတော့ မသိစိတ်က တိုးတိုးလေး ရှိုက်တယ် အနားမှာ ဖေးမမယ့်သူလဲ မရှိပါဘူးကွယ် တိုက်ဆိုင်ရင်တောင် သတိမရချင်တဲ့ ကိုယ့်ကို မလွမ်းပါနဲ့ အချစ်ရယ်

မင်း... ချမ်းမြေ့ပါစေကွယ်။

အားလုံးပြီးဆုံးသွားတော့ နှလုံးသားက ဆစ်ကနဲမြည့်သွားတယ် မာနကတော့ ကိုယ့်ကိုလက်ညှိုးထိုးလှောင်ရယ်လေရဲ့ မင်းနဲ့မမြင်ကွယ်ရာကို ပြေးငိုမိတိုင်း ခြောက်ခြားနေမိပြန်တယ် တကယ်တော့ အတိတ်က လရောင်အောက်မှာ ချိုမြိန်ခဲ့တာ အမှန်ပါကွယ်

မင်း ..... ချမ်းမြေ့ပါစေအချစ်ရယ်

ခြေထောက်ပေါက်စေတဲ့ ဖိနပ်တစ်ရံလို သေသေချာချာကြီး ခမ်းနားခဲ့ဖူးတယ် ဆိုရင် တောင် မင်းကို နာကျင်စေတယ်ဆိုတာနဲ့တင် ငါက နေပစ်ခဲ့ဖို့ လုံလောက်ခဲ့ရ

မင်း ..... ချမ်းမြေ့ပါစေကွယ်။

စစ်ငြိမ်း၊ ခိုင်စိုး၊ အခောင်မျိုးသူ၊ စုပြည့်အခောင်၊ မိုးသည်း

◎◎◎

“မင်းအတွက် နောက်ဆုံး …” (အက်ဆေး)

[၁]

သူ နာကျင်စွာ တည်ငြိမ်သွားတယ်။ သူ့အသံဟာ အရင်ကလို ယုံကြည်မှုလွှန်ကဲတဲ့ အသံစွာစွာလေးမဟုတ်တော့ပဲ ခပ်အေးအေး ယဲ့ယဲ့လေးဖြစ်သွားတယ်။ ဥပမာ ညီမလေးမှားသွားတယ်အကိုရယ်… ဒါကြောင့်ပဲ ဝေးသွားခဲ့ကြတာ ဒါကြောင့်… ဝေးသွားကြပြီနော်…ဆိုတဲ့ အသံယဲ့ယဲ့လေးလိုမျိုး။ တကယ်ကို ယဲ့ယဲ့ပါးပါးလေး။

ကျနော်က ကလေး…မင်းဆိုးခဲ့တယ်နော်လို့ပြောတော့ သူက အင်း…..လို့ မိုင်၃၀၀ကျော်ကနေ တိုးတိုးလေး ပြန်ဖြေတယ်။ ၃နှစ်ကျော်ဝေးကွာနေတဲ့လူနှစ်ယောက်ရဲ့ ပထမဆုံး ဖုန်းခေါ်ဆိုမှုဟာ အဲဒီစကားလေးနှစ်ခွန်းနဲ့ပဲ ပြီးသွားတယ်။ ဘာစကားမှ အများကြီးပြောစရာမရှိဘူး။ ခံစားဖို့ပဲ အများကြီးရှိတယ်။ နောက်ပြီးတော့ သူ့ကို စိတ်ပူတယ်။

◎◎◎

"မင်းအတွက် နောက်ဆုံး ..." (အက်ဆေး)

[၂]

ညီမလေးက သူ့ကို ခွင့်လွှတ်ပါတဲ့။ ကျနော်က သူ့ကို ဘယ်လိုခွင့်လွှတ်လို့ရမလဲ။ မှောင်မဲနေတဲ့အခန်းထောင့်လေးမှာ ခဏခဏငိုနေရတဲ့ကလေးလေးကိုခွင့်လွှတ်ဖို့ ဘယ်လိုအပြစ်တွေ သူ့ကျောပေါ်တင်ရမလဲပေါ့လေ။ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ မဖြစ်မနေ ခွင့်လွှတ်ရစတမ်းဆိုရင်လည်း ညီမလေးရယ် အခုလိုပဲ တစ်နှစ်ကိုတစ်ခါလောက် ဖုန်းဆက်ပေါ့။ တစ်ယောက်ရဲ့အသက်ရှည်ကိုတစ်ယောက် နားထောင်ရင်း ခွင့်လွှတ်ပါတယ်ပေါ့။ ဘာမှမပြောဖြစ်ပဲ စိတ်ထဲကနေ ခွင့်လွှတ်ပါတယ်ပေါ့။ ပြောဖြစ်ပါသေးတယ် ဒီနှစ်ပိုင်းတွေမှာ သူက ကဗျာတွေဖတ်တတ်လာတဲ့အကြောင်း။ ကျနော်က တခါတခါ ကဗျာတွေရေးတဲ့အကြောင်း။ ကလောင်နာမည်တော့ ပြောမပြဘူး။ သူသိရင်လည်း သိမှာပေါ့။

◎◎◎

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၃]

ဆုထက်တင်ပြောသလို ကျနော်တို့က အသက်တွေကြီးတဲ့အထိ တစ်ယောက်ရဲ့အထိအခိုက်တွေကို တစ်ယောက်ကကြည့်ရှင်း ရှင်သန်သွားရမှာလား။ အဲလိုပဲ သေတဲ့အထိ နေသွားရတော့မှာလား။ **?????**။

◎◎◎

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၄]

သူ့နာမည်ပါတဲ့ကဗျာလေးတွေဆို သူမမြင်အောင်ထားမိတယ်။ သူကတော့ ကျနော့ဆီရေးတဲ့စာတွေကို လိပ်စာအဟောင်းဆီပို့တယ်တဲ့။ အဲတော့ ကျနော်က အိမ်အဟောင်းဆီပြေးပြီး ကျနော့်စာလေးတွေပေးပါဗျာလို့ တောင်းရမှာလား။ ဒီနှစ်ပိုင်းတွေတော့ အကို့ကိုသတိရတာများတယ်တဲ့။ မင်း အဆင်မပြေဘူးနဲ့တူပါတယ်။

⏣⏣⏣

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၅]

မင်းအမျိုးသားကို မင်းချစ်သွားပြီလားလို့မေးတော့ အင်း.....တစ်ခါတလေတော့ ချစ်ပါတယ်တဲ့။ သိပ်ရက်စက်တဲ့အမှန်တရားပဲ။ ဒါပေမယ့် နာကျင်မှုန်းတီးရတာကများပါတယ်တဲ့။ ဒါလည်း အမှန်ပဲ။ စိတ်မကောင်းဖြစ်ရပြန်ရော။ မင်းက အခုချိန်ထိ ထိလိုက်တိုင်းသွေးစို့တဲ့ဆူးလေးပဲ။

◎◎◎

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၆]

ဘယ်တော့မှကလေးမယူဘူး မောင့်သားလေးမှ မဖြစ်နိုင်တော့တာ...တဲ့။ အဲဒီစကားကို ကဗျာတစ်ပုဒ်ထဲ ထည့်ရေးထားတဲ့အကြောင်း ဒီနေ့ထိ မပြောဖြစ်ဖူး။

◎◎◎

“မင်းအတွက် နောက်ဆုံး …” (အက်ဆေး)

[၇]

သူက ဆောင်းရာသီတစ်ခုလို အေးစက်မှုန်ရီသွားတဲ့အသံလေးနဲ့ အေးစက်မှောင်မိုက်သွားတဲ့ သူ့နေထိုင်မှုနဲ့ နည်းပါးလှသောတခါတရံများမှာ ကျနော့်ဆီ ဆက်သွယ်လေ့ရှိတယ်။ ကျနော်ကတော့ သူနဲ့ယှဉ်ရင် တစ်ခါတရံမှာ သွေးပျက်ချောက်ခြားနေပြီး တစ်ခါတရံ ဘယ်လိုမှ ဝန်ခံလို့မရအောင် လိမ်ညာနေမိတယ်။ အရင်က သူ မှားခဲ့ပြီး အခုက ကျနော်မှားနေတာများလား။ သူနဲ့အတူ သ်ကြန် ၃ကြိမ်ကြုံဖူးပြီး တစ်ခါမှ အတူမရှိခဲ့ဖူးဘူး။ အတူမရှိခဲ့ကြတဲ့အကြောင်းကို အတူမရှိတော့တဲ့အချိန်မှာပြောရတာလည်း ရယ်စရာပါပဲ။ အခုချိန် ကျနော်တို့ဟာ ယာဉ်တိုက်မှုတစ်ခုကို ရပ်ငေးနေတဲ့လူတွေလိုပဲ အကွဲကွဲအကြေကြေတွေကို ငေးနေမိတာ။ လေတွေအရမ်းတိုက်တာကို သူကြောက်တယ်လို့ပြောတော့ လေတွေမတိုက်ပါဘူးကွာလို့ ကျနော်ပြောခဲ့တယ်။ တစ်ကယ်တမ်းမှာတော့ သူလည်း တလွင့်လွင့်။ ကျနော်လည်း တလွင့်လွင့်။ လွင့်ထွက်သွားတာပဲ…။

۞۞۞

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၈]

သူ့ကိုကျနော်မေးဖူးတယ်။ ကလေး... မင်း မန္တလေးမြို့ကိုရောက်ဖူးလားလို့။ ကိုယ်ကတော့ အခု သူမနေတော့တဲ့ရန်ကုန်ကို မြို့ကြီးနဲ့ချီပြီး လွမ်းနေရတာလေ။ ဒါကြောင့်မေးဖြစ်တာ။ ကိုယ်နေထိုင်တဲ့မြို့နဲ့ပတ်သတ်ပြီး သူ လွမ်းမယ်ဆို လွမ်းလို့ရမလား သိချင်တာ။ ရှေးရှေးကစကားလေးအတိုင်းဆို လွမ်းရတယ် အရမ်းပေါ့။ မနေ့ညကဖတ်ဖြစ်တာ ဆရာခင်အောင်အေးရဲ့ အသက်တမျှဘီအာရ်။ လွမ်းဖို့ကောင်းတယ်နော်။ နောက်ပြီး လွဲခဲ့ကြတယ်။ ငါတို့လည်း အသက်တမျှပဲ။

۞۞۞

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၉]

ပွဲတော်ညတွေဆို အိမ်ရှေ့ခန်းလေးရဲ့ပြတင်းပေါက်မှာ ကိုယ်တစ်ယောက်တည်း။ လမင်းကြီးကသာနေတာ ဖော်ပြလို့မရတဲ့အရောင်တစ်ခုနဲ့။ စီးကရက်တွေသောက်ရင်း ဖုန်းမျက်နှာပြင်ကို ငေးနေမိတယ်။ မင်း ဖုန်းမဆက်တာ ၈လကျော်ပြီ။ စာမလာ သတင်းမကြားနဲ့ အဆင်ပြေနေတယ်ပဲမှတ်ပါတယ်။ ဒါပေမယ့် ဖော်ပြလို့မရတဲ့အရောင်တွေနဲ့ ကိုယ့်စိတ်တွေ အုံ့မှိုင်းလို့ လရောင်ကိုမြင်ရင် လူတွေက စိတ်ကြည်နူးတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားကွယ်။

۞۞۞

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၁၀]

သူ့အသံပြန်ကြားရတာ ပင်လယ်ထဲကသင်္ဘောပျက်ရဲ့ စစ်ဂနယ်လွှင့်မှုတစ်ခုလိုပဲ။ အဝေးကြီးကလာနေတဲ့ ပြတ်တောက်ပြတ်တောက်စကားသံလေး။ ဟေး....... မင်းအဆင်ပြေရဲ့နော်။

◎◎◎

“မင်းအတွက် နောက်ဆုံး …” (အက်ဆေး)

[၁၁]

အခုနောက်ပိုင်း ကိုယ့်ကဗျာတွေဟာ ကယ်ပါယူပါနဲ့ နာကျင်မှုဆန်လာတယ်။ သူကြိုက်မယ်ထင်လောက်တဲ့သီချင်းခွေတွေဝယ်တယ်။ သူကြည့်ချင်မယ်ထင်တဲ့ ရုပ်ရှင်ကားတွေ စုထားတယ်။ သူပြောသလို ကိုယ့်ကိုယ်ကိုယ် ပြန်ထုဆစ်နေတယ်ပေါ့။ အိမ်အပြင်မထွက်ဖြစ်ဘူး။ ကိုယ်ရေးတဲ့စာလေးတွေတော့ မဂ္ဂဇင်းအချို့မှာပါလာတယ်။ မင်း မတော်တဆဖတ်မိပြီး ကိုယ်ရေးမှန်းလည်းမသိပဲ မင်းအကြောင်းနဲ့တိုက်ဆိုင်တယ်လို့ ခံစားမိမလားပဲ။ တွေးကြည့်တာပါ။

◎◎◎

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၁၂]

လူတွေသေရင် ကြယ်ဖြစ်တတ်ကြသလား။

ဟိုး… အဝေးကြီးမှာရှိနေတာရယ်

သူ့ကို မြင်ရပေမယ့် ဘယ်တော့မှ သူ့ဆီမရောက်နိုင်တာရယ်

ကြယ်မဆန်ဘူးလား။

۞۞۞

“မင်းအတွက် နောက်ဆုံး …” (အက်ဆေး)

[၁၃]

ညီမလေးရေ သူမနောက်ကျောမှာဒဏ်ရာတွေနဲ့တဲ့။ သူမနောပ်ကျောမှာ ဒဏ်ရတွေနဲ့တဲ့ကွယ်။ မင်း ကိုယ့်ကိုခေါ်ပါ။ မင်းလိုတဲ့အချိန် ကိုယ့်ကိုယ်ခေါ်ပါ။ မင်းလိုအပ်တဲ့အချိန်ဆို ကိုယ့်ကိုခေါ်နော်။ လိုမှခေါ်တဲ့ဆက်ဆံရေးကိုတောင် ရင်ခုန်မိတုန်းပဲ။ တချိန်က လိုသုံးဖြစ်ခဲ့တာ မဆန်းပါဘူး။ ဒီလိုပဲ တစ်ခါတလေ စိတ်နာချင်ယောင် ဆောင်ကြည့်ရတာပေါ့။

◎◎◎

“မင်းအတွက် နောက်ဆုံး ...” (အက်ဆေး)

[၁၄]

သူအရင်ကနေထိုင်ခဲ့တဲ့အိမ်လေးဆီရောက်ဖြစ်တယ်။ ” အခုတော့လည်း အရက်တွေမူးတိုင်း ကားကြီးကိုမောင်းပြီး အဝေးကြီးကိုထွက်သွားမယ်...” ဘာညာပေ့ါ။ ကဗျာတွေဘာတွေစပ်ပြီး ရန်ကုန်ကိုရောက်သွားတာ။ သူ့အိမ်ရှေ့မရောက်ခင်ထိ သူနဲ့ပဲတွေ့ရတော့မလို စိတ်ထဲကလျှောက်တွေးပြီး သွားဖြစ်တာ။ သူမရှိမှန်းလည်း သိသားပဲ။ လူ့စိတ်က ဆန်းတယ်။ အဲဒီညက သူဖုန်းဆက်တာကို မကိုင်ဖြစ်ဖူး။

۞۞۞

“မင်းအတွက် နောက်ဆုံး …” (အက်ဆေး)

[၁၅]

သူနာကျင်တိုင်း သူလိုအပ်တိုင်း သူ ဆွေးမြေ့ကြေကွဲနေတိုင်း ကျနော့်ဆီ ဖုန်းဆက်ပါတယ်။ ကျနော် လဲပြိုနေတိုင်း ကျနော့်ကိုယ်ကျနော် သေတော့မယ်လို့ထင်တိုင်း

ဟောဒီ လူ့လောကနဲ့ ကမ္ဘာဂြိုလ်ကြီးမှာ ကျနော်တစ်ယောက်ပဲ သက်ရှိထင်ကျန်နေတယ်လို့ထင်အခေါင် အထီးကျန်တိုင်း ကျတော်က သူ့ဖုန်းနံပတ်ကို မေ့ထားခဲ့ပါတယ်။ ဒါဟာ သူနဲ့ကျနော့်ကြားက ချစ်ခြင်းမေတ္တာပါပဲ။ ရေဟာ နိမ့်ရာကိုစီးဆင်းပြီး မီးဟာ မြင့်ရာကိုလောင်ပါတယ်။ ကလေးအပေါ် ချမ်းမြေ့ပါစေ… လို့ ထားခဲ့တဲ့စိတ်က တကယ်ပါ။ တကယ်ပဲ သူ့အပေါ် အေးချမ်းပျော်ရွှင်နေတာပဲ မြင်ချင်ခဲ့တယ်။ ဖျားနာနေတဲ့ကံ့ကော်ပွင့်လေးရေ မင်း နေပြန်ကောင်းပါစေ။

◎◎◎

“မင်းအတွက် နောက်ဆုံး …” (အက်ဆေး)

[၁၆]

ကျနော်ဟာ ချစ်ခြင်းမေတ္တာနဲ့ပတ်သတ်ရင်သူ့အပေါ်မှာ အကုန်အစင်သုံးစွဲမိခဲ့တယ်နဲ့တူတယ်။ တစ်ခါတစ်ခါ ရင်ထဲမှာ ဘာမှမရှိတော့တဲ့လူတစ်ယောက်လို။ ခွဲပြီးသားစုဘူးတစ်ခုလို။ ခွင့်လွှတ်မှုအစအနတွေပဲကျန်တယ်။ ကိုယ် မင်းကိုနောက်ထပ်မချစ်နိုင်တော့ဘူး။ မင်း ချမ်းမြေ့ပါစေ။ ကိုယ့်ကိုမလိုအပ်တော့တဲ့အထိ ချမ်းမြေ့ပါစေ။ မင်းထာဝရ အဆင်ပြေ ပျော်ရွှင်ပါစေ။ မင်းအမျိုးသားကို မင်းချစ်ပါစေပေါ့။ ခွင့်လွှတ်ပါတယ်။ ခွင့်လွှတ်ပါတယ်ပေါ့။ ကိုယ့်အတွက်မလိုအပ်ပေမယ့် မင်းကြားချင်တယ်ထင်လို့ ပြောကြည့်တာ။

⎔⎔⎔

"မင်းအတွက် နောက်ဆုံး ..." (အက်ဆေး)

[၁၇]

ညီလေးဈေးသစ်ရဲ့စကားအတိုင်းပဲ ကွေကွင်းမှုအပေါင်း ကျဆုံးပါစေ။ ကျနော်က ကျနော့်အထိအခိုက်တွေ ပြိုကျပျက်ဆီးမှုတွေအတွက် တစ်ယောက်တည်း ရင်မဆိုင်ရဲသေးဘူး။

ဘယ်သူ့လည်ပင်းကိုဖက်ရမလဲ။

ဘယ်သူ့ကို ကိုးကားပြီး ကြေကွဲရမလဲပဲ။ ဒီလိုနှစ်တွေကလည်း....

ကြာ

ပြီ

လေ။

စစ်ငြိမ်း

၁၈ အောက်တိုဘာ ၂၀၁၆

11 : 30pm Mandalay

◎◎◎

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whispers of Words